[အရေးကြီး] စာမေးပွဲဖြေဆိုမည့်ရက်တွင် သတိပြုရမည့်အချက်များ

ကျွမ်းကျင်

၁။ အဝတ်လဲခြင်းနှင့်ပတ်သက်၍

စာမေးပွဲကြီးကြပ်အရာရှိထံမှ ညွှန်ကြားချက်မရှိမချင်း အဝတ်မလဲပါနှင့်။
OTAFFမှ သတ်မှတ်ထားသောနေရာတွင် လုပ်ငန်းသုံးဝတ်စုံ အင်္ကျီနှင့် ဘောင်းဘီကိုဝတ်ဆင်၍ လုပ်ငန်းသုံးဝတ်စုံ၏အထဲတွင် တီရှပ်အင်္ကျီကိုဝတ်ဆင်ပါ။ (ဦးထုပ်သည် စာမေးပွဲမေးခွန်းပုစ္ဆာတစ်ခုအပါအဝင် ဖြစ်သည့်အတွက် နောက်မှ ဝတ်ဆင်ရပါမည်။)

၂။ အဖိုးတန်ပစ္စည်းများထိန်းသိမ်းခြင်းနှင့်ပတ်သက်၍

လက်ဝတ်တန်ဆာများ ချွတ်ခြင်း

လက်ဝတ်တန်ဆာပစ္စည်းအားလုံးကိုချွတ်၍ အိတ်ထဲတွင်ထည့်သိမ်းထားပါ။

အဖိုးတန်ပစ္စည်းများကို ထိန်းသိမ်းခြင်း

အဖိုးတန်ပစ္စည်းများကို မိမိကိုယ်တိုင်ထိန်းသိမ်းရမည်။
ပစ္စည်း မေ့ကျန်ခြင်း၊ ကျပျောက်ခြင်းမရှိစေရန် သတိထားပါ။

အိတ်ကပ်များအား ဗလာအတိုင်းထားပါ

အိတ်ကပ်များထဲတွင် မည်သည့်ပစ္စည်းမျှ မထည့်ထားပါနှင့်။



၃။ စာဖြေဆောင်အတွင်း သတိပြုဖွယ်အချက်များ

ကျင့်ဝတ်

စာဖြေဆောင်၊ စာမေးပွဲခန်းမတွင် စကားစမြည်မပြောရ။
ဘေးပတ်ဝန်ကျင်အား အနှောင့်အယှက်ဖြစ်စေမည့် အပြုအမူများ မလုပ်ဆောင်ရ။

လျှပ်စစ်ပစ္စည်းများအား ပါဝါပိတ်ထားခြင်း

စမတ်ဖုန်းစသည့် လျှပ်စစ်ပစ္စည်းများအား ပါဝါပိတ်ထားပြီး၊ အိတ်ထဲသို့ထည့်သိမ်းထားပါ။

ဓာတ်ပုံဗီဒီယိုမရိုက်ရ

စာဖြေဆောင်၊ စာမေးပွဲခန်းမတွင် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ခြင်း တားမြစ်သည်။
*လိုက်ပါပို့ဆောင်ပေးသူလည်း တားမြစ်သည်။

သန့်စင်ခန်းအသုံးပြုခြင်း

သန့်စင်ခန်းတွင်အဝတ်လဲခြင်း၊ စားသောက်ခြင်းအား တားမြစ်သည်။

OTAFF
THE ORGANIZATION FOR TECHNICAL SKILL ASSESSMENT OF FOREIGN WORKERS IN FOOD INDUSTRY

[အရေးကြီး] စာမေးပွဲဖြေဆိုမည့်ရက်တွင် သတိပြုရမည့်အချက်များ

ကျွမ်းကျင်

၄။ လက်ခံကောင်တာနှင့်ပတ်သက်၍

ကာယကံရှင်စစ်ဆေးခြင်း

မျက်နှာစစ်ဆေးရန်အတွက် နှာခေါင်းစည်း၊ မျက်မှန်တို့အား ချွတ်ရပါမည်။

လက်ပေါ်ရေးချခြင်း

ကူးရေးထားခြင်းရှိမရှိကို လက်ဖဝါးများအား စစ်ဆေးပါမည်။



၅။ မေးခွန်းလွှာစာရွက်ပေါ်သို့ အမည်စသည်တို့ရေးသားခြင်းနှင့်ပတ်သက်၍

*ထိုနေ့တွင်ဝေမည့်မေးခွန်းလွှာသည် အားလုံးဂျပန်ဘာသာဖြင့်ရေးသားထားပါမည်။

စာဖြေဆိုသည့်ရက်အား စာမေးပွဲခန်းထဲရှိ ကျောက်သင်ပုန်းကို ကြည့်၍ရေးသားပါ။
စာမေးပွဲဖြေဆိုခွင့်နံပါတ်၊ အမည်တို့အား စာမေးပွဲဖြေဆိုခွင့်ကတ်ပြားအား ကြည့်၍ရေးပါ။



[အရေးကြီး] စာမေးပွဲဖြေဆိုမည့်ရက်တွင် သတိပြုရမည့်အချက်များ

ကျွမ်းကျင်

၆။ ရေးဖြေစာမေးပွဲ ဖြေဆိုနည်းနှင့်ပတ်သက်၍

(၁) မေးခွန်းလွှာဝေပါက ညွှန်ကြားချက်မရှိမချင်း ဖွင့်မကြည့်ပါနှင့်။

(၂) ညွှန်ကြားလာပါက မေးခွန်းစာရွက်ကိုဖွင့်၍ တစ်ဝက်ခေါက်ပါ။

(၃) ကျောဖက်မေးခွန်းအားဖြေဆိုစဉ်တွင်လည်း မေးခွန်းစာရွက်အား တစ်ဝက်ခါက်ထားပါ။



(၄) ပြီးဆုံးပါက မျက်နှာဖုံးစာရွက်အား အပေါ်တွင်ထားပါ။ စာမေးပွဲကြီးကြပ်သူမှ မေးခွန်းလွှာအား သိမ်းဆည်းပါမည်။

အဖြေလွှာရေးသားနည်း

★学科試験（がっかしけん）

မှန်သည်ဟုထင်သောအဖြေကိုရွေးချယ်၍ နံပါတ်ကိုရေးပါ။

ဥပမာ) 1. ပန်းသီး 2. ငှက်ပျောသီး 3. လိမ္မော်သီး

解答欄 1

★実技判断等試験（じつぎ はんだんとうしけん）

မှန်သည်ဟုထင်သောအဖြေကိုရွေးချယ်၍ အက္ခရာကိုရေးပါ။

ဥပမာ) A. ပန်းသီး B. ငှက်ပျောသီး C. လိမ္မော်သီး

解答欄 A

★実技計画立案等試験（じつぎ けいかくりつあんとうしけん）

မှန်သည်ဟုထင်သောအဖြေကိုရွေးချယ်၍ အက္ခရာကိုရေးပါ။

ဥပမာ) A. ၁၀ခု B. အခု၁၀၀ C. အခု၁၀၀၀

解答欄 A

*ဤစာမေးပွဲတွင် ဂဏန်းပေါင်းစက်အသုံးပြုနိုင်သည်။

*မေးခွန်းလွှာ၏နေရာလွတ်နှင့် ကျောဖက်များတွင် တွက်ချက်နည်းအား ချရေးနိုင်သည်။ မေးခွန်းလွှာမှလွဲ၍ အခြားတွင် မရေးပါနှင့်။ ရေးထားသည့်တွက်ချက်နည်းအား ပြန်ဖျက်ရန်မလိုအပ်ပါ။

၇။製作等作業試験（せいさくとうさぎょうしけん）ဖြေဆိုပုံနှင့်ပတ်သက်၍

(၁) ငှားပေးထားသည့်ပစ္စည်းများအားရှင်းလင်းခြင်း၊ အခြားသောစာမေးပွဲဆိုင်ရာများနှင့်ပတ်သက်၍ရှင်းပြပါမည်။

(၂) စာမေးပွဲကြီးကြပ်သူမှ “Hajimetekudasai (စတင်ပါ)” ဟု ပြောပါလိမ့်မည်။

(၃) မေးခွန်းလွှာ “လုပ်ငန်းလက်စွဲ（作業手順書（さぎょうてじゅんしょ））”ကိုကြည့်ရင်း ချက်ပြုတ်ခြင်းကိုဆက်လက်လုပ်ဆောင်ပါ။

(၄) စာမေးပွဲပြီးဆုံးပါက ငှားပေးထားသည့်ပစ္စည်းများအား စာမေးပွဲကြီးကြပ်သူထံ သေချာပြန်လည် အပ်နှံပါ။

[အရေးကြီး] စာမေးပွဲဖြေဆိုမည့်ရက်တွင် သတိပြုရမည့်အချက်များ

ကျွမ်းကျင်

၈။ မမှန်မကန်ပြုလုပ်ခြင်းနှင့် ပတ်သက်၍

အောက်ပါအပြုအမူများအား စစ်ဆေးတွေ့ရှိပါက အရှုံး(စာမေးပွဲကျ)ဟု သတ်မှတ်ပါမည်။ ကောင်းစွာသတိပြုဆင်ခြင်ပါ။

စာခိုးချခြင်း မပြုရ

အခြားသောသူ၏ အဖြေများကို မကြည့်ရပါ။

မပြောပြရ၊ ပြောပြတာကိုလက်မခံရ



ဘေးပတ်ဝန်းကျင်မှလူအား အဖြေပြောပြခြင်း၊ ကူညီခြင်းများ မပြုလုပ်ရ။

စကားမပြောရ



တစ်ကိုတည်း ရေရွတ်ခြင်း၊ ဘေးပတ်ဝန်းကျင်မှ လူများနှင့် စကားပြောခြင်း မပြုရပါ။

ခွင့်ပြုချက်မရှိ ထိုင်ခုံမှထ ထွက်မသွားရ



ထိုင်ခုံမှထွက်သွားချင်ပါက လက်ကိုမြှောက်၍ စာမေးပွဲခန်းကြီးကြပ်သူအား အသိပေးပါ။

သယ်ထုတ်သွားခြင်း၊ ကူးယူခြင်း မပြုရ

မေးခွန်းနှင့်အဖြေများအား သယ်ထုတ်သွားခြင်း၊ စာဖြေဆိုခွင့်ကတ်ပြားနှင့် လက်များပေါ်တွင်ကူးရေးခြင်းမပြုရ။

မှတ်စုစာအုပ်အား မကြည့်ရ

စာမေးပွဲဖြေဆိုစဉ် ဖတ်စာအုပ်နှင့် မှတ်စုများအား မကြည့်ရပါ။

စာမေးပွဲမစတင်မီဖြစ်သော်လည်း စာဖြေဆိုခွင့်ကတ်ပြားနှင့် လက်များပေါ်တွင် စာလုံးများနှင့် ဂဏန်းများ ရေးသားခြင်းရှိပါက မမှန်မကန်ပြုလုပ်ခြင်းဟုယူဆပါမည်။ ကောင်းစွာ သတိပြုဆင်ခြင်ပါ။

၉။ စာဖြေဆိုစဉ် သတိပြုရမည့်အချက်များ

နေထိုင်မကောင်းဖြစ်ပါက

နေထိုင်မကောင်းဟုခံစားရပါက လက်ကိုမြှောက်၍ စာမေးပွဲခန်းကြီးကြပ်သူအား အသိပေးပါ။

ငလျင်၊ မီးလောင်ခြင်းစသည့် ဘေးအန္တရာယ် ကြုံတွေ့ရပါက

စာမေးပွဲကြီးကြပ်သူ၏ လမ်းညွှန်ချက်အားလိုက်နာ၍ ထွက်ပြေးပါ။